# လှိုင်းတာကျေးရွာ
# ကျိုက်လတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၆-၂၀၃၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
လှိုင်းတာကျေးရွာ ၊ ကျိုက်လတ်မြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ် ၊ ဇွန် လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | လှိုင်းတာကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ကျိုက်လတ်မြို့နယ် | ၅ |
| | လှိုင်းတာကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ကျိုက်လတ်မြို့နယ် | ၆ |
| | လှိုင်းတာကျေးရွာ ကျေးရွာ ကျေးရွာအဖွဲ့အစည်းပြမြေပုံ၊ ကျိုက်လတ်မြို့နယ် | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၉ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | ( ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | ( ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | ( ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | ( ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၂ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၂ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၃ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ | ၁၄-၇၃ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၇၄ |
| | နောက်ဆက်တွဲ (၂) ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၇၅-၇၉ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၈၀-၈၈ |
| | ရည်ညွှန်းကိုးကားချက် | ၈၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၆ – ၂၀၂၇ ခုဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်းပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပေးလမ်းပြကူညီပံ့ပိုးပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိ နိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက် ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျွန်တော်တို့ကျေးရွာသည် ၂၀၂၀–၂၀၂၁ခုနှစ်တွင် စီမံကိန်းပထမအကြိမ်ရရှိခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရရှိသည့်အတွက် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်၍ စီမံချက်ရေးဆွဲတင်ပြခြင်းဖြစ်ပါသည်။ ကျေးရွာ၏ ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အတွက် များစွာမျှော်လင့်ပါကြောင်းနှင့် ကျေးရွာဘက်မှလည်း စိတ်အားထက်သန်စွာ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးမြေပုံ၊ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန် လ ၊ ၂၀၂၆

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

လှိုင်းတာကျေးရွာ၊ကျိုက်လတ်မြို့နယ်

# ကျိုက်လတ်မြို့နယ်၊လှိုင်းတာကျေးရွာအုပ်စု ၊ လှိုင်းတာကျေးရွာ၏ သယံဇာတပြမြေပုံ



## ကျိုက်လတ်မြို့နယ်၊လှိုင်းတာကျေးရွာအုပ်စု ၊ လှိုင်းတာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | | — | လယ်ထွန် | မျိုးစေ့ချ | ကောက်စိုက် | [illegible] | [illegible] | [illegible] | — | — | [illegible] | [illegible] |
| [illegible] ဝင်ငွေရရှိမှု | ၁၀၀၀၀ ၅၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀၀ ၁၀၀၀ | ၁၀၀၀ ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | | | ၁၀၀၀ | ၁၀၀၀၀ ၁၀၀၀ ၁၀၀၀ |
| အသုံးစရိတ် | နည်းပါး | နည်းပါး | များပြား | များပြား | များပြား | များပြား | များပြား | နည်းပါး | နည်းပါး | နည်းပါး | များပြား | များပြား |
| ချေးငွေလိုအပ်မှု | | | လိုအပ် | လိုအပ် | | | လိုအပ် | | လိုအပ် | လိုအပ် | | |
| ဝမ်းစာဖူလုံမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | နည်းပါး | ဖူလုံမှုမရှိ | ဖူလုံမှုမရှိ | ဖူလုံမှုမရှိ | ဖူလုံမှုမရှိ | ဖူလုံမှုမရှိ | လုံလောက် |
| သောက်သုံးရေရရှိမှု | နည်းပါး | နည်းပါး | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | နည်းပါး | နည်းပါး | နည်းပါး |
| တိရစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်ရောဂါကူးစက်မှု | | | | | | | | | | | | |
| ကျန်းမာရေး (ဖျားနာခြင်း) | | | | | | | | | | | | |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | | | | | | | | | | | | |
| ပွဲတော် | သင်္ကြန် | | | | | | | ကထိန်ပွဲ | | | | |
| သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

## ကျိုက်လတ်မြို့နယ်၊လှိုင်းတာကျေးရွာအုပ်စု ၊ လှိုင်းတာကျေးရွာ၏ အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

လှိုင်းတာကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျိုက်လတ်မြို့နှင့် ကုန်းလမ်း ၃၅.၈မိုင် ကွာဝေးကာ မအူပင်-မော်လမြိုင်ကျွန်း ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး မအူပင်မြို့နှင့် ၂၁မိုင်၊ မော်လမြိုင်ကျွန်းမြို့နှင့် ၂၂မိုင် အကွာတွင် တည်ရှိပါသည်။ ကျိုက်လတ်မြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ် (၃)မြို့နယ်ဆုံစည်းရာ ရာဇူဒိုင်မြစ်ဘေးတွင် တည်ရှိသဖြင့် ဆောက်လုပ်ရေးပစ္စည်းများလက်လီလက်ကား ဝယ်ယူအားပေး ကြပြီး ကျေးရွာတွင် အိမ်ဆောက်ပစ္စည်း လက်လီလက်ကားဆိုင်များ၊ သဲနှင့်ကျောက် လက်လီလက်ကား ဆိုင်များ၊ လူသုံးကုန်၊စားသောက်ကုန်လက်လီလက်ကားဆိုင်အစုံရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အလားအလာ ကောင်းသော ကျေးရွာဖြစ်ပါသည်။ လှိုင်းတာကျေးရွာ၏ တစ်ဖက်ကမ်းရှိ ဝါးခယ်မမြို့နယ်မှ ထန်းလေးပင်ကျေးရွာအပါအဝင်ကျေးရွာများနှင့် မော်လမြိုင်ကျွန်း မြို့နယ်မှ သရက်ကုန်းကျေးရွာ အပါအဝင် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်သွားလာရာ အချက်အချာကျသည့် ကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အားဖြင့် (၃၂၉)အိမ်ထောင်စုရှိသော ကျေးရွာကြီးတစ်ရွာလည်း ဖြစ်ပါသည်။ ကျေးရွာ၏ တည်နေရာနှင့်ပထဝီ အနေအထားအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လှိုင်းတာကျေးရွာ၏ ရာသီဥတုအခြေအနေမှာသာမာန်အားဖြင့် နွေရာသီတွင်အပူချိန် ၄၀ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီစင်တီဂရိတ် ရှိပါသည်။ လှိုင်းတာကျေးရွာတွင် လယ်နှင့်ဥယျာဉ်ခြံမြေ စုစုပေါင်း(၅၈၅)ကေရှိပြီး လယ်မြေများမှာ မိုးရာသီတွင် မိုးစပါးကိုစိုက်ပျိုး၍ နွေရာသီတွင် နွေစပါးနှင့် ကုန်းကျသောဒေသများတွင် မတ်ပဲနှင့်ဆီထွက်သီးနှံ နေကြာများ စိုက်ပျိုးကြပါသည်။ ဥယာဉ် ခြံမြေများတွင် ငှက်ပျောပင်၊ ကြောင်လျှာပင်နှင့်သံပုရာပင် များ စိုက်ပျိုးကြပါသည်။ မြစ်ရေနှင့်ဆည်မြောင်းမှ စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ရရှိပါသည်။ လယ်မြေများအတွက် မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာသည် ရာဇူဒိုင်မြစ်အတွင်းမှ သဲများစုပ်ယူနိုင်ပြီး ဆောက်လုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်သဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် အထောက်အကူ ပြုသည့် သဘာဝအရင်းအမြစ်များရှိပါသည်။ သဘာဝအပင် မျိုးစိတ်များအနေဖြင့် ရှားဇောင်းလက်ပတ် နှင့် ဆင်တုံးမနွယ်များ အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ ရေထွက်ပစ္စည်းအနေဖြင့် ဆောင်းရာသီတွင် ရာဇူဒိုင်မြစ်အတွင်းမှ ငါးသလောက်များ ထွက်ရှိခြင်း၊ ငါး၊ပုစွန်သယံဇာတများ ထွက်ရှိခြင်းတို့ကြောင့် ဆင်းရဲသော အိမ်ထောင်စုများနှင့်

အလယ်အလတ်ရှိသော အိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး မိသားစု ဝင်ငွေ တိုးပွားလာစေပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

လှိုင်းတာကျေးရွာတွင်လူမှုရေးကိုအခြေခံ၍ ကျေးရွာတွင် ဓမ္မစကြာအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိ/ရပ်ဖ၊ နာရေးကူညီမှုအသင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းကော်မတီနှင့်ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့တို့ ဖွဲ့စည်းထားရှိ ပါသည်။ သာရေး၊နာရေး၊ ဘာသာရေးနှင့် လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ကျေးရွာတွင်းအဖွဲ့အစည်း များမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ဘာသာရေးနှင့်ယုံကြည်ကိုးကွယ်မှုအနေဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပြီး လှိုင်းတာကျေးရွာ ရွာအဝင်လမ်းမကြီး ဘေးတွင် ကြည်ညိုသပ္ပာယ်စရာ စေတီတော်တစ်ဆူ ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိ၍ နှစ်စဉ်တရားစခန်းပွဲများ၊ နွေရာသီ ဓမ္မစကူးလ်သင်တန်း များဖွင့်လှစ်ပေးပြီး လူငယ်လူရွယ်များအား ဗုဒ္ဓဘာသာအမွေ လက်ဆင့်ကမ်း၍ လူတော်လူလိမ္မာလေး များဖြစ်အောင် မွေးထုတ်ပေးလျက် ရှိပါသည်။ကျေးရွာတွင်းအဖွဲ့အစည်းများမှာ ၄င်းတို့၏ အခန်းကဏ္ဍအလိုက်သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိပသည်။ ကျေးရွာရှိအဆိုပါအဖွဲ့ အစည်းများမှာအဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့်ပတ်သက်၍ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပြီး လူငယ်များအကျင့်စာရိတ္တ ကောင်းမွန်စေရေးနှင့် အမှုအခင်းကျဆင်းရေးပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါက ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

လှိုင်းတာကျေးရွာတွင် စပါးကိုအဓိကထားစိုက်ပျိုးကြပါသည်။ လှိုင်းတာကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၂၇၉)စု၊(၂.၅)ကေမှ (၅)ကေ ကြားရှိတောင်သူငယ်အိမ်ထောင်စု (၁၀)စု၊ ၅ကေမှ ၁၂.၅ ကေရှိ တောင်သူလတ်အိမ်ထောင်စု (၂၈)စုနှင့် ၁၂.၅ ကေ အထက် အိမ်ထောင်စု(၇)စုရှိပါသည်။ မိုးရွာသွန်းမှုများပြားသည့်အခါ ရေကြီးနစ်မြုပ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာများသိရှိမှု အားနည်းခြင်းများကြောင့် စပါးအထွက်နှုန်းနည်းပါးပါသည်။ သို့ဖြစ်ပါ၍ တောင်သူများစပါးအထွက်နှုန်းမြင့်မားရေးအတွက် သဘာဝမြေဆွေးပြုလုပ် သုံးစွဲနည်းသင်တန်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးသင်တန်း၊ ပိုက်ဆံလျှော်မျိုးစေ့မြုပ်နှံခြင်းနှင့် EM ပိုကာချီ ပြုလုပ်ခြင်းများ နှစ်စဉ်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) မွေးမြူရေး

ကျေးရွာတွင် ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု(၄)စုရှိပြီး ဝက်ကောင်ရေ(၂၁)ကောင်၊ ဝက်မွေးမြူထားရှိသည့်အိမ်ထောင်စု(၉)စုရှိပြီးဝက်ကောင်ရေ(၂၄)ကောင်၊ ကြက်မွေးမြူ

ထားသည့်အိမ်ထောင်စု(၃၁)စုရှိပြီး ကြက်ကောင်ရေ (၅၁၀)ကောင် နှင့် ဘဲမွေးမြူ ထားသည့် အိမ်ထောင်စု(၁၁)စုရှိပြီးဘဲကောင်ရေ(၂၁၁)ကောင်ရှိပြီး တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ စီးပွါးဖြစ်ငါးကန်လုပ်ကိုင်သူ (၂)ဦးရှိပြီး (၁၅၀)ကေခန့်ရှိပါသည်။ အိမ်ထောင်စု(၁)စုမှ စီးပွားဖြစ်အနေဖြင့် အသားစားကြက်အကောင်ရေ(၁၀၀)ကောင် စမ်းသပ်မွေးမြူထားရှိပါသည်။ နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများအားနည်းသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုရရှိပါက စိတ်တူကိုယ်တူအစုအဖွဲ့စနစ်ဖြင့် မွေးမြူရေးဆောင်ရွက်မည့် သူများရှိပြီး လုပ်ငန်းအောင်မြင်နိုင်ပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

လှိုင်းတာကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းအတွက် နိုင်ငံခြင်းထွက် အလုပ်လုပ်ကိုင်သူ ၁၂ဦးရှိသဖြင့် KBZ ဘဏ်မှတစ်ဆင့် ပြည်တွင်းသို့ ပြန်ပို့ကြသဖြင့် နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါသည်။ နိုင်ငံခြားရောက်ရှိသူများမှ ပြည်တွင်း ပြန်လည်ရောက်ရှိသည့်အခါ လုပ်ငန်းတွေ့အကြုံရရှိခြင်း၊ နည်းပညာများ ရရှိခြင်း တို့ကြောင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေပါသည်။ ။စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူများမှာလက်သမား၊ ပန်းရံ၊သံချည် သံကွေး၊ဆေးသုတ်၊ ရေလုပ်ငန်း၊စက်ချုပ်၊ ဆံသ၊ အရောင်းအဝယ်နှင့် ဆိုင်းကယ် ကယ်ရီအငှါး လိုက်ခြင်း၊ အိုးဝေအငှါးလိုက်ခြင်း၊ကားအငှါးလိုက်ခြင်းနှင့်အခြားကျပန်းလုပ်ကိုင်သူ များလည်း ရှိပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးမည်ဆိုပါက မိသားစုဝင်ငွေ တိုးပွားလာမည်ဖြစ်ပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

လှိုင်းတာကျေးရွာတွင် လယ်မြေများရှိပြီး အစိုးရဘဏ်(မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်)မှ စိုက်ပျိုးစရိတ် ချေးငွေများကို အတိုးနှုန်းသက်သာစွာ ချေးယူရရှိခြင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေမှ အသင်းသား(၉၃)ဦး၊ ချေးငွေကျပ်သိန်း(၃၀၀)အား စိုက်ပျိုးရေး၊မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ဖြင့် မိသားစုဝင်ငွေ တိုးပွားရေးအတွက် ထုတ်ချေးထားရှိပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် IM Microfinance အသေးစားချေးငွေလုပ်ငန်းနှင့် ဟာနာ ချေးငွေလုပ်ငန်းရှိပြီး လုပ်ငန်းရှင်များ၊ လယ်သမားများနှင့် ကျပန်းအလုပ်သမားများအား ထုတ်ချေး ထားရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ ပထဝီအနေအထားအရမြို့နယ်(၃)မြို့နယ်၏ဆုံရာ ကားလမ်းမကြီးဘေးနှင့် ရာဇူဒိုင်မြစ်ဘေးတွင်ရှိပြီး ရေလမ်းမှကုန်းလမ်းသို့ နေ့စဉ် သွားလာလှုပ်ရှား၊ ရောင်းဝယ်

ဖောက်ကားမှု များပြားသည့်အတွက် ဆိပ်ခံတံတားတည်ဆောက်ပေးမည်ဆိုပါက ကုန်ထုတ်စီးဆင်းမှု လွယ်ကူလျင်မြန်လာမည်ဖြစ်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဆိပ်ခံတံတားတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။ ဆိပ်ခံတံတားတည်ဆောက်မည်ဆိုပါက မြေနေရာလည်းရှိပါသည်။ လှိုင်းတာကျေးရွာ၏ ရွာတွင်းလမ်းစုစုပေါင်းပေမှာ ၈၁၀၀' ရှိပြီး ကွန်ကရစ်လမ်း (ကိုယ်ထူကိုယ်ထ၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း)ဆောင်ရွက်ပြီး ၃၉၉၅' ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ရွာတွင်းလမ်း ၄၁၀၀'ကျော်မှာ မြေသားလမ်းများဖြစ်သဖြင့် Smart Villageရန်ပုံငွေ၊ မြစိမ်းရောင်စီမံကိန်းအတိုးရငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ကျေးရွာတွင်းလမ်းများဆောင်ရွက်နိုင်ပါက ရွာလယ်လမ်းမကြီးမှတစ်ဆင့်ရေလမ်းဖြင့်လည်းကောင်း၊ မအူပင်-ကျိုက်လတ် လမ်းမကြီးနှင့်ချိတ်ဆက်၍ ကျေးရွာ၏ကုန်ထုတ်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ လှိုင်းတာကျေးရွာ၏ အိမ်ခြေ၁၅၀မှ စိုက်ကေ ၄၀၀ကေအတွက် စပါးထုတ်ရန်အတွက် ကုန်ထုတ်လမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

လှိုင်းတာကျေးရွာသည် မအူပင်မြို့နယ်ရှိ မဟာဓာတ်အားလိုင်းနှင့် (၃)မိုင်သာ ကွာဝေးသော်လည်း မြို့နယ်နယ်နိမိတ်ချင်းခြားသဖြင့် လျှပ်စစ်မီးသွယ်တန်းရန် အခက်အခဲရှိနေသဖြင့် ကျေးရွာပြည်သူများမှ Mini-Grid မီးလင်းရေး ဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိပါသည်။ ကျေးရွာတွင်လက်ရှိမီးလင်းရေးအနေဖြင့် ကိုယ်ထူကိုယ်ထ ဒီဇယ်အင်ဂျင်သုံး ၁၅၀အိမ်ထောင်စု ရှိပြီး ကိုယ်ထူကိုယ်ထဆိုလာစနစ်ဖြင့် ဆောင်ရွက်သည့် အိမ်ထောင်စု ၁၀၀ ရှိပါသည်။ အခြားနည်းအသုံးပြုသော အိမ်ထောင်စု (၇၉)စုရှိပါသည်။ ကျေးရွာနေပြည်သူများမှ အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် လုံခြုံလုံလောက်သော လျှပ်စစ်မီးအသုံးပြုနိုင်ရန် အတွက် Mini-Grid မီးလင်းရေး ဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိပါသည်။ Mini-Grid မီးလင်းရေး ရရှိရေး အတွက် ကျေးရွာပြည်သူများမှ လိုအပ်သလိုပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

လှိုင်းတာကျေးရွာအတွင်း ဆက်သွယ်ရေးနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေး လှိုင်းများဖြစ်သော MPT၊Telenor၊Myetl တို့မှ ပေါင်းစပ်ပါဝင်သောtowerတိုင် Site တစ်ခုရှိပြီး Telenorမှာ လှိုင်းအကောင်းဆုံးဖြစ်ပါသည်။ သတင်းအချက်အလက်များကို

ဖုန်း (၃၃၉)လုံး၊ ရေဒီယို (၅)လုံး၊ တီဗွီ(၃၀၁)လုံး နှင့်ဂြိုလ်တုစလောင်း(၁၅၄)ခု စသည်တို့ကို အသုံးပြု၍ ရရှိပါသည်။ ကျေးရွာတွင် ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအား Digital Payment စနစ်ဖြင့် Pilot စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

## ၆။ ပညာရေး

လှိုင်းတာကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး အုပ်စုတွင်းကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းသား/သူများမှ တက်ရောက်ကြပါသည်။ကျောင်းအဝင်လမ်းနှင့်ဆက်သွယ်ထားသည့် ကျောင်းလမ်းမှာ ကျေးရွာတွင်းလမ်းတွင် ပါဝင်ပြီး မြေသားလမ်းဖြစ်သဖြင့်ကွန်ကရစ်လမ်းခင်းရန်လိုအပ်လျက်ရှိပါသည်။ ကျေးရွာအနေဖြင့် ကျောင်းသားဦးရေမှာ မူလတန်းအဆင့်ကျား/မ (၁၁၀)ဦး၊ အလယ်တန်းအဆင့် ကျား/မ (၁၀၅)ဦး၊ အထက်တန်းအဆင့်ကျား/မ(၅၆)ဦးနှင့် တက္ကသိုလ်အဆင့် ကျား/မ(၅၂)ဦး စုစုပေါင်း ပညာသင်ကြား နေသူ ကျား/မ(၃၂၃)ဦး ရှိပါသည်။ ကျောင်းတွင်းရှိ ဆရာ/ဆရာမ ဦးရေမှာ၂၆ဦးရှိပြီး ကျောင်းသုံးအိမ်သာ ၁၆လုံးရှိပြီး ကောင်းမွန်စွာအသုံးပြုလျက်ရှိပြီး ကျေးသူ/ကျောင်းသား၊ ဆရာ/ဆရာမအချိုးနှင့် အိမ်သာအချိုးလုံလောက်မှုမရှိသဖြင့် ၄ခန်းတွဲ၁လုံးဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ဆောင်ရွက်မည်ဆိုပါကမြေနေရာလည်း ရှိပါသည်။ ကျောင်း၏လက်ရှိအခက်အခဲမှာ စာသင်ကျောင်းဆောင်(၄)ဆောင်ရှိသည့်အနက် အန္တရာယ်ဆောင် ၁၂၀ ပေ ၅၀ပေ ၁ဆောင်အား ကျောင်းဆောင်သစ်တည်ဆောက်ရန် လိုအပ်လျက်ရှိပြီး ပညာရေးဦးစီးဌာန၏ ဘတ်ဂျတ်ရရှိရေး တင်ပြတောင်းခံထားရှိပါသည်။

ကျေးရွာတွင် မူလတန်းပြီးမြောက်သူ(၁၀၅)ဦး၊ အလယ်တန်းပြီး မြောက်သူ (၁၁၅၀)ဦး၊ အထက်တန်း ပြီးမြောက်သူ(၁၃၃)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ (၇၃)ဦး ရှိခြင်းကြောင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။ ကျေးရွာ၏လူငယ်လူရွယ်များအတွက် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဗဟုသုတများရှာမှီးနိုင်သည့် အခြေခံအဆောက်အုံတစ်ခုတစ်ဆောက်နိုင်ရန်အလို့ငှာ ကျေးရွာတွင်စာကြည့်တိုက်ဟောင်းအား တိုးချဲ့ပြုပြင်၍ သတင်းအချက်အလက်များထူထောင်ရန် ကွန်ပျူတာဝယ်ယူခြင်း၊Wifi တပ်ဆင်ခြင်းများ ဆောင်ရွက်ရန်သွားမည်ဖြစ်ပါသည်။ကျေးရွာရှိလူငယ်များအတွက် ကျေးရွာ၏ကျောင်းအားကစားကွင်းရှိပြီး လူငယ်များ အပန်းဖြေရန် မြန်မာရိုးရာ ၁၂လရာသီပွဲတော်များစည်းကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

လှိုင်းတာကျေးရွာ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အနေဖြင့် ဒေသန္တရကျန်းမာရေး အဖွဲ့အစည်းနှင့်ပေါင်းစပ်၍ ဖုံးသွန်လဲစစ်ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် ဆေးပေးခန်းရှိပြီး ကျန်းမာရေးအထောက်အပံ့များရှိပါသည်။ အရေးပေါ်ကိစ္စများအတွက် ရုံးဒေါင့်တိုက်နယ်ဆေးရုံ၊

မအူပင်ဆေးရုံသို့ပို့ဆောင်ကြပါသည်။ ဝန်ထမ်းအင်အားအနေဖြင့် ကြီးကြပ်-၁ တစ်ဦး၊ ကြီးကြပ်-၂ တစ်ဦး၊ သူနာပြု(၃)ဦးရှိပြီး ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ကြရပြီး ကျန်းမာရေးဝန်ထမ်းအိမ်ရာမရှိသည့်အတွက် ကျန်းမာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

သောက်သုံးရေအနေဖြင့် ရေသန့်ဗူးများ ဝယ်ယူသုံးစွဲကြပြီး မြစ်ရေကိုလည်းသုံးစွဲကြပါသည်။ သောက်သုံးရေအတွက် ရေသန့်စက်တည်ဆောက်ရန် လိုအပ်လျက်ရှိသဖြင့် ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်အတွင်း ရေသန့်စင်စနစ်တည်ဆောက်ဆောင်ရွက်လျက်ရှိပါသည်။

သန့်ရှင်းသောယင်လုံအိမ်သာများကိုအသုံးပြုသည့် အိမ်ထောင်စု(၃၂၉)စုရှိပြီး ရာနှုန်းပြည့်သုံးစွဲသည့်အတွက် ကျန်းမာရေးအသိပညာ လက်လှမ်းမီကြောင်းတွေ့ရပါသည်။ ရာသီတုပ်ကွေးများဖြစ်ပေါ်တတ်သဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးရန်လိုပါသည်။ ကျန်းမာရေးဆိုင်ရာအခက်အခဲအနေဖြင့် ဆေးပေးခန်းမျက်နှာကျက် ပျက်စီးမှုရှိလာသဖြင့် မျက်နှာကျက် ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် ဘသာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လှိုင်းတာကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအနေဖြင့် လစဉ်တစ်ပတ်တစ်ကြိမ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိပြီး အမှိုက်စို၊အမှိုက်ခြောက်ခွဲခြားကာ စနစ်တကျသိမ်းဆည်းစွန့်ပစ်လျက်ရှိပါသည်။ ပိုမိုစနစ်ကျသော အမှိုက်စွန့်ပစ်သည့်စနစ် ဆောင်ရွက်နိုင်ရန် ကျေးရွာလမ်းဆုံများတွင်အမှိုက်ပုံးများထားရှိရန်လိုအပ်ပြီး အမှိုက်မီးရှို့စင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တွေ့ရပါသည်။ ဘေးအန္တရယ်စီမံခန့်ခွဲမှုဆိုင်ရာအသိပညာပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ထွေအုပ်၊ ကျေးလက်၊ သစ်တော၊ဌာနဆိုင်ရာများနှင့် ကျေးရွာကော်မတီများ၊ ကျေးရွာသူ/သားများ၊ကျေးရွာလူမှုရေးအသင်းများပေါင်းစပ်၍ ကျေးရွာအဝင်လမ်း၊ ကျေးရွာပိုင်မြေများတွင် တစ်အုပ်တစ်မ စိုက်ခင်းများ၊ အရိပ်ရပင်များနှင့်ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လှိုင်းတာကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေလွတ်လပ်မှုရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၁၅)စုရှိပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် မြစိမ်းရောင်ရန်ပုံငွေမှ (၇)အိမ်ထောင်စုအား ထုတ်ချေးထားရှိပြီး ခေတ်မီစံပြကျေးရွာထူထောင်ရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့များတွင် ကျား/မတန်းတူညီမျှရေး အလေးထားဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားဥပဒေ ဆိုင်ရာအသိအမြင်များအား သိရှိနားလည် သဘောပေါက်စေရန်နှင့် အကာအကွယ်ဖြစ်စေရန်အတွက်အသိပညာပေးဟောပြောပွဲများဆောင်ရွက်ရန်လိုအပ်ပါသည်

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၆ | ၁၉ | ၃၅ | ၂ | ၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃၇ | ၄၄ | ၈၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၂ | ၄၆ | ၉၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆၁ | ၆၀ | ၁၂၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၃၉ | ၆၂၃ | ၁၁၆၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၆ | ၄၄ | ၈၀ | | |
| **စုစုပေါင်း** | | **၇၄၁** | **၈၃၆** | **၁၅၇၇** | **၂** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၂၉** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။လှိုင်းတာကျေးရွာတွင် အိမ်ထောင်စု(၃၂၉)စု နှင့် လူဦးရေ (၁၅၇၇) ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သောငါးနှစ်အောက်နှင့်နို့စို့အရွယ်နေဖြင့် (၂) ရာခိုင်နှုန်း၊ မူလတန်း ကျောင်းသားရွယ်(၅) ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းသားအရွယ်(၇.၇)ရာခိုင်နှုန်း၊ အလုပ်လုပ် နိုင်သည့် အရွယ်(၈၀.၃)ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို(၅)ရာခိုင်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေ အနေဖြင့် တစ်ရွာလုံး၏(၈၀.၃)ရာခိုင်နှုန်း ရှိသောကြောင့်လူသား အရင်းမြစ်များစွာရှိသဖြင့် ကျေးရွာ ဖွံ့ဖြိုးရေး အတွက် များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။

(ခ)    အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၄ | ၁၇၄ | | ၈၁ | ၉၃ | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၆ | ၁၁၆ | | ၈၀ | ၃၆ | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | | ၂ | ၂ | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☑လတ်☐ နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၂၂ | | ၂၂ | | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | ၃ | | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၂၀ | | ၅ | ၁၅ | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၃ | ၂၆၁ | | ၁၀၉ | ၁၅၂ | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၉ | | ၉ | | | မြင့် ☑လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | ၁၁ | | ၅ | ၆ | | မြင့် ☑လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☑လတ်☐ နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၉၁ | ၁၂၆ | | ၆၅ | ၆၁ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | **စုစုပေါင်း** | **၃၂၉** | **၇၄၆** | | **၃၈၁** | **၃၆၅** | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ – **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ လှိုင်းတာကျေးရွာ၏တောင်သူကိုယ်ပိုင်လုပ်ကိုင်သူအိမ်ထောင်စု(၂၂၇) ရှိပြီး အဓိက အလုပ်အကိုင်များမှာ စိုက်ပျိုးရေး၊အရောင်းအဝယ်၊မွေးမြူရေး လက်သမား၊ပန်းရံ၊ စက်ပြင်၊ ဝပ်ရှော့လုပ်ကိုင်သူများနှင့်အခြားကျပန်းလုပ်ငန်းများဖြင့်အသက်မွေး ဝမ်းကြောင်းပြုကြပါသည်။

## (ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | – | – | – | – |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၈၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။လှိုင်းတာကျေးရွာတွင် အဓိကအလုပ်အကိုင်များမှာ လယ်ယာလုပ်ငန်း ၊ အရောင်းအဝယ်လုပ်ငန်းဖြစ်ပြီး ရေလုပ်ငန်း၊ လက်သမား၊ပန်းရံ၊ အလုပ်သမားများနှင့် အခြားကျပန်းလုပ်သား များဖြစ်ကြပါသည်။ ကျေးရွာအတွင်းတွင် လယ်ယာလုပ်သားနေ့စားသမားများမှာ ထွန်ယက်စိုက်ပျိုးခြင်း အပါအဝင် တနေကုန်လုပ်အားခမှာ အမျိုးသားများအတွက် (၂၀၀၀ဝိ/–) ရရှိပြီး အမျိုးသမီးများမှာ လုပ်ခလစာများ အနေဖြင့်(၁၅၀၀ဝိ/–)ရရှိပါသည်။ ဆောက်လုပ်ရေး လုပ်သား ကျွမ်းကျင်ပညာရှင်များမှာ (၂၀၀၀ဝိ/–) ၊ ကျန်လုပ်သားများမှာ (၁၅၀၀ဝိ/– နှင့် ၁၀၀၀ဝိ/–) ရရှိကြ၍ လုပ်ခလစာများတွင် အမျိုးသားများကပိုမိုရရှိ ကြပြီး ကျား/မ ကွာဟမှုရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၈၀ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၈၅** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။လှိုင်းတာကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှုမှာ လယ်မြေ **(၅၈၀)** ကေနှင့် ဥယျာဉ်ခြံမြေ (**၅**) ကေ ၊ စုစုပေါင်း (**၅၈၅**) ကေရှိပါသည်။

**(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (**ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (**နွှားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကို သာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ် များ | များ☐ သင့်☐<br>နည်း☐ မရှိ☑ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ<br>**(**အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း**)** | များ☑ သင့်☐<br>နည်း☐ မရှိ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ<br>**(**တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း**)** | များ☐ သင့်☐<br>နည်း☑ မရှိ☐ | လွယ် ☑ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ☐ သင့်☐<br>နည်း☐ မရှိ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ☐ သင့်☐<br>နည်း☐ မရှိ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ်** ... **ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။လှိုင်းတာကျေးရွာသည် ရာဇူဒိုင်မြစ်ဘေးတွင် တည်ရှိသဖြင့် သဲထုတ်ယူရရှိပါသည်။ သဘာဝအပင် မျိုးစိတ်များအနေဖြင့် ရှားဇောင်းလက်ပတ် ၊ ဆင်တုံးမနွယ်၊ အသင့်အတင့်ရှိပါသည်။ ငါး၊ပုစွန်သယံဇာတ ထွက်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၈၀** | **၁၂၅** | **၁၁၀** | **၁၄** |

**ရင်းမြစ် …** (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။လှိုင်းတာကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၈၀)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၂၅)စု၊ မပြေလည်သောအိမ်ထောင်စု(၁၁၀)စုရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စု(၁၄)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် တောင်သူကိုယ်ပိုင်လုပ်ကိုင်သူများ၊ အရောင်းအဝယ်ကိုယ်ပိုင် လုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် လက်သမား၊ပန်းရံ၊ ၊အလုပ်သမားများနှင့်အခြားကျပန်းလုပ်ငန်းများဖြစ်ပြီး ကျေးရွာတွင်း၊ အခြားကျေးရွာနှင့် မအူပင်မြို့နှင့်သို့ သွားရောက် လုပ်ကိုင်ကြသူအများစုဖြစ်ပါသည်။

**(င)    ထိခိုက်လွယ်မှု**

**(င-၁)  ဝမ်းစာဖူလုံမှု**

**ဇယား    (၇)    ဈေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား= ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ဈေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၃လနှင့်၆လ ကြားဝမ်းစာ ဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ဈေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | **၃၇** | **၁၅** | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ဈေးယူ = ____<br>လုပ်အားခကြိုယူ = **၃၇** |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။**။ ဈေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စု ၃၇စု

ရှိပြီး လုပ်အားခကြိုယူကြပါသည်။အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် မြစိမ်းရောင်ချေးငွေ ထုတ်ချေး ဆောင်ရွက်ထားပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။လှိုင်းတာကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁၅)စုရှိပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းပုဂ္ဂိုလ်များမရှိပါ။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**(၉) ကျေးရွာ၏ထိခိုက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | | ✓ | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျောင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရောင်ဝင်ရောက်မှု | ✓ | | | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | ✓ | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီး ခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | ✓ | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော**

**အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။ ။** လှိုင်းတာကျေးရွာတွင် မြစ်ရေကြီးခြင်း၊ မိုးခေါင်ခြင်း မရှိခြင်းကြောင့် ကျေးရွာသူ ကျေးရွာ သားများ ထိခိုက်မှုနည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | ✓ | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ | ✓ | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာ | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျှော့နည်းရေး နှင့်လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| | ရွှေ့ပြောင်းခံရသူများ **(IDP)** | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း များ | | ✓ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | |
